The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ (၅)၊ အမှတ် (၆)၊ ဒီဇင်ဘာလ ၂၅၊ ၂၀၁၈ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# အတ္တရံမြစ်ကြောနှင့် ပျားတောင်ဒေသရှိ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတအသုံးပြုမှုအပေါ် ထုတ်ပြန်ကြေညာချက်



နိုဝင်ဘာ ၁၅၊ ၂၀၁၈

မြန်မာနိုင်ငံတွင်ဒီမိုကရေစီစနစ် စတင်ပွင့်လင်းလာသည့်ကာလ ၂၀၁၂ ခုနှစ် ပြည်နယ်အဆင့်ငြိမ်းချမ်းရေး စတင်ရရှိသည့် ကာလတွင် မွန်နှင့် ကရင်ပြည်နယ်များနှင့် တနင်္သာရီတိုင်းတွင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများက မြေဝယ်ယူခြင်း၊ စက်ရုံနှင့် ရေနက်ဆိပ်ကမ်းများ တည်ဆောက်ခြင်းစသည့် စီမံကိန်းများကို လုပ်ကိုင်ဆောင်ရွက်လာခဲ့သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌မြေယာ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကို စနစ်တကျ အကာအကွယ်ပေးနိုင်သည့် ဥပဒေများ မရှိသေးသည့်အတွက် ကုမ္ပဏီများအနေဖြင့် အထူးအခွင့်အရေးတစ်ရပ် ရရှိသွားခဲ့ကြသည်။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပျားတောင်ဒေသတွင် ဥပဒေအားနည်းချက်ကို အမြတ်ထုတ်ခဲ့သော ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။ ၂၀၁၂ ခုနှစ် အခြေအနေတည်ငြိမ်စ ပြုနေပြီဖြစ်သော ကျိုက်မရောမြို့နယ်တွင် လယ်သမားအများစုမှာ ၎င်းတို့၏မြေယာများအတွက် ပိုင်ဆိုင်မှုသက်သေခံလက်မှတ်များ မရရှိသေးကြချေ။ ထိုအခြေအနေကို အခွင့်ကောင်းယူကာ လယ်ယာမြေများကို ရောင်းချရန် စီးပွားရေး ကုမ္ပဏီများက ဒေသခံလယ်သမားများကို ဖိအားပေးခဲ့သည်။

၎င်းနောက် မော်လမြိုင် ဘိလပ်မြေ လီမိတက်(Mawlamyine Cement Limited) က မော်လမြိုင်ဘိလပ်မြေစက်ရုံကို တည် ဆောက်

▲ စာမျက်နှာ ၄ သို့

## ကုလားဂုတ်ကျွန်းမှ အပြစ်မဲ့အရပ်သားကို ဝင်သတ်ခဲ့သူ တပ်မတော်သားအား အရပ်ဘက်တရားရုံးသို့ ပို့ဆောင်စစ်ဆေးမည်



နိုဝင်ဘာ ၂၈၊ ၂၀၁၈

၂၀၁၈ နိုဝင်ဘာလ (၁၆) ရက်နေ့တွင် ထုတ်ပြန်သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အကြောင်းကြားစာအရ မွန်ပြည်နယ် ရေးမြို့နယ် ကုလားဂုတ်ကျွန်းမှ အပြစ်မဲ့အရပ်သားဖြစ်သူ ဦးတင်စိုးမြင့်ကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သူ အမှတ် (၅၈၇)

▲ စာမျက်နှာ ၆ သို့

အသက် [၈] နှစ်အရွယ် ကလေးငယ်ကို အဖိုးဖြစ်သူက ခြိမ်းခြောက်ကာ အကြိမ်ကြိမ်အဓမ္မပြုကျင့် စာ-၅

မုဒိမ်းကျင့်သတ်ဖြတ်မှုအတွက် ဝန်ခံစေရန် ရဲတပ်ဖွဲ့က ညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်း စာ-၇ ကာယကံရှင်မိသားစုဝင်များက ပြောဆို

ကုမ္ပဏီက လမ်းဖောက်လုပ်ရာတွင် မြေယာမတရားရယူခြင်းနှင့် လျော်ကြေးငွေ မမျှမတ ပေးချေခြင်းများ ဖြစ်ပွား စာ-၉

▲ စာမျက်နှာ – ၁ မှ အဆက်

# အတ္ထရံမြစ်ကြောနှင့် ပျားတောင်ဒေသရှိ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတအသုံးပြုမှုအပေါ် ထုတ်ပြန်ကြေညာချက်



ခဲ့သည်။ ဘိလပ်မြေစက်ရုံအတွက် ပျားတောင်မှ ထုံးကျောက်များကို ထုတ်ယူရာတွင် ဒေသခံပြည်သူလူထု၏ သဘောတူညီချက်ကို ရယူခဲ့ခြင်း မရှိချေ။ ၎င်းပြင် ၂၀၁၅ ခုနှစ်တွင်လည်း ဒေသခံပြည်သူများ ကန့်ကွက်နေသည့်ကြားမှာပင် ကျောက်မီးသွေး စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကို တည်ဆောက်ခဲ့သည်။ တစ်ဖန် ပျားတောင်မှ ထုံးကျောက်သယံဇာတများကို ထပ်မံထုတ်ယူရန် june ကုမ္ပဏီ ထပ်မံဝင်ရောက် လာပြန်သည်။

၎င်းစီမံကိန်းများကြောင့် ပြည်သူလူထုများမှာ ဆိုးကျိုးများစွာ ခံစားနေရသည်။

၁) မြေယာမတရားဝယ်ယူမှုကြောင့် လယ်ယာမြေမရောင်းချလိုသော ဒေသခံပြည်သူအများအပြား လယ်ယာမြေဆုံးရှုံးခဲ့ရသည်။ အဓိကဆုံးရှုံးမှုမှာ ပျားတောင်ရှိ သဘာဝသယံဇာတများပင် ဖြစ်သည်။ ဒေသခံပြည်သူများမှာ ၎င်းတို့ဘဝရပ်တည်ရေး၊ ဆောက်လုပ်ရေးနှင့် ရောဂါကုသရေးတို့အတွက် လိုအပ်သော သစ်ဥသစ်ဖု၊ သစ်ဝါးနှင့် ဘယဆေးဝါးများကို ပျားတောင်တွင် ထုတ်ယူသုံးစွဲခွင့် မရှိတော့ချေ။

၂) ကျောက်မီးသွေးနှင့် ဘိလပ်မြေတင်ဆောင်ထားသည့် ပင်လယ်ကူးသင်္ဘောများ ခေါက်တုံ့ခေါက်ပြန် အစုန်အဆန် တက်ဆင်းပြေးလွှားနေမှုကြောင့် ပျားတောင်ဒေသရှိ ရေလုပ်သားများသာမက အတ္ထရံမြစ်ကြောင်းတစ်လျှောက်ရှိ ရေလုပ်သားများပါ ငါးဖမ်းလုပ်ငန်းကို ပုံမှန်လုပ်ကိုင်နိုင်ခြင်းမရှိတော့ဘဲ အတိဒုက္ခရောက်ခဲ့ရသည်။ မြစ်ကမ်းပါးရှိ အိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများလည်း ယိုယွင်းပျက်စီးလာသည်ကို တွေ့ရှိလာရသည်။

၃) ဘိလပ်မြေနှင့် ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံမှ အခိုးအငွေ့များကြောင့်လည်းကောင်း၊ ထုံးကျောက်မိုင်းများမှ ဖုန်မှုန့်များကြောင့်လည်းကောင်း၊ အဆက်မပြတ်ခုတ်မောင်းနေသည့် သင်္ဘောများကြောင့်လည်းကောင်း ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ ဆက်လက်ဖြစ်ပွားနေဦးမည် ဖြစ်သည်။

MCL သည် ဘိလပ်မြေထုတ်လုပ်မှုမှ ကျပ်သိန်းပေါင်းများစွာ အကျိုးအမြတ် ရရှိနေသော်လည်း ဒေသခံပြည်သူများမှာ ပြန်လည်အစားထိုး၍ မရနိုင်သောတော တောင်ရေမြေသဘာဝပတ်ဝန်းကျင်နှင့် သယံဇာတများကို ဆုံးရှုံးနေကြရသည်။ ငွေကြေးအားဖြင့်လည်း သိန်းပေါင်းများစွာ ဆုံးရှုံးကာ ဒေသခံပြည်သူအချို့မှာ ဘဝပျက်သည်အထိ ကြုံတွေ့ခဲ့ရသည်။ စီးပွားရေး၊ လူမှုရေးအရ ကြည့်မည်ဆိုလျှင်လည်း ညီမျှမှုကင်းမဲ့ကာ တရားမျှတမှုလည်း မရှိချေ။

ထို့ကြောင့် ပြည်သူက ရွေးကောက်တင်မြှောက်ထားသည့် မွန်ပြည်နယ်လွှတ်တော်နှင့် မွန်ပြည်နယ်အစိုးရက အထက်ပါ အခြေအနေများအတွက် တရားမျှတမှုပြန်လည်ရရှိရန် အောက်ပါအချက်များကို တည့်မတ်ဆောင်ရွက်ပေးပါရန် တောင်းဆိုအပ်ပါသည်။

၁) ဘိလပ်မြေစက်ရုံတွင် လက်ရှိအသုံးပြုနေသော ကျောက်မီးသွေး ဓာတ်အားအစား ပြည်သူလူထုအတွက် အန္တရာယ်ကင်းသည့် လျှပ်စစ်ဓာတ်အားဖြင့် အစားထိုးလည်ပတ်ရန်

၂) ပျားတောင်တစ်ခုလုံးကို ပျက်စီးပျောက်ကွယ်သွားစေနိုင်သည့် မော်လမြိုင်ဘိလပ်မြေစက်ရုံအပါအဝင် အခြားဘိလပ်မြေစက်ရုံ တည်ဆောက်မှုကိုရပ်တန့်ပေးရန်

၃) အတ္ထရံမြစ်ကြောင်းတစ်လျှောက်တွင် ကြီးမားလေးလံသည့်ကုန်တင်သင်္ဘောများ လက်ဝါးကြီးအုပ်သွားလာနေမှုကို အမြန်ဆုံးရပ်တန့်ပေးရန်

ရွေးကောက်ခံမွန်ပြည်နယ်လွှတ်တော်နှင့် အစိုးရအနေဖြင့် ပြည်သူလူထု၏ စကားသံကို နားထောင်ကာ ပြည်သူလူထုအတွက် နစ်နာမှုဖြစ်စေသည့် ကိစ္စရပ်များအား အမြန်ဆုံးရပ်တန့်ဖြေရှင်းပေးပါရန် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

ပျားတောင်ဒေသလူမှုဖွံ့ဖြိုးရေးအဖွဲ့
ကျိုက်မရောမြို့နယ်ရေလုပ်သားအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၁၈ ခုနှစ် နိုဝင်ဘာလ (၁၅) ရက်။

• • • •

# MCL ကုမ္ပဏီ၏ ကျောက်မီးသွေးတင်သင်္ဘော တိုက်မိမှုကြောင့် ဒေသခံအမျိုးသမီးတစ်ဦး သေဆုံး

အောက်တိုဘာ ၃၊ ၂၀၁၈

၂၀၁၈ စက်တင်ဘာလ (၁၉) ရက်နေ့တွင် ဒေသခံငါးလုပ်သားတစ်ဦးဖြစ်သူ ဒေါ်မျိုးသန္တာ ခေါ် မပဲပဲသည် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ကျောက်မီးသွေးစွမ်းအင်သုံး ဘိလပ်မြေစက်ရုံသို့ ကျောက်မီးသွေးတင်ပို့နေသော သင်္ဘောတစ်စင်းနှင့် တိုက်မိပြီး အသက်သေဆုံးခဲ့ကြောင်း သိရသည်။ MV Kaung Hein အမည်ရှိ အဆိုပါ သင်္ဘောသည် High Mix Company က ပိုင်ဆိုင်သော သင်္ဘောတစ်စင်းဖြစ်ပြီး စက်ရုံအတွက် ကျောက်မီးသွေးတင်ပို့ရန် မော်လမြိုင် ဘိလပ်မြေလီမိတက် (Mawlamyine Cement Limited MCL) ငှားရမ်းထားခြင်း ဖြစ်သည်ဟု သိရသည်။

‘ဒေသခံလယ်သမားတစ်ယောက်ဖြစ်တဲ့ ဦးအုန်းထွန်းပြောတာက တော့ သူ့လှေက မပဲပဲလှေနောက်မှာ ရှိနေတယ်။ သင်္ဘောလာတာမြင်တော့ မပဲပဲက သူ့လှေကို ကမ်းဘက်လှော်လာတယ်။ ဒါပေမယ့် သင်္ဘောကလည်း ငါးဖမ်းပိုက်ရှောင်ရင်း ကမ်းဘက်ကပ်လာတယ်။ အဲနောက်တော့ သင်္ဘောပဲ့ပိုင်းက မပဲပဲလှေကို တိုက်မိပြီး သူက မြစ်ထဲကို ပြုတ်ကျသွားတယ်။ ဦးအုန်းထွန်းက သူ့ကို ကယ်မလို့ လုပ်ခဲ့ပေမယ့် သင်္ဘောက အဲနေရာကို ရောက်လာတော့ သူကလည်း ကမ်းဘက်ကို ပြန်လှော်လာခဲ့ရတယ်။ သင်္ဘောပြန်ထွက်သွားတော့ ဦးအုန်းထွန်းက မပဲပဲကို ရှာဖို့ လုပ်ခဲ့ပေမယ့် ဘာမှမတွေ့တော့ဘူး’ ဟု ကျိုက်မရောငါးလုပ်ငန်းဦးစီးဌာနဉက္ကဋ္ဌ ဦးအောင်တင်ဦးက ပြောပြပါသည်။

မပဲပဲသည် အမှတ် (၃) ရှင်စောပု ရပ်ကွက်တွင် နေထိုင်လျက်ရှိပြီး လယ်လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်း တို့ဖြင့် အသက်မွေးဝမ်းကျောင်းလျက်ရှိသည်။

‘သူက လယ်လုပ်တဲ့အချိန်ဆို ခနောင်ကျေးရွာမှာ သွားနေ နေတယ်။ အဲဒီနေ့မှာ သူ့အဖေဖမ်းလို့ရတဲ့ ငါးပုစွန်တွေကို ကျိုက်မရောမြို့မှာ ပြန်ရောင်းဖို့ဆိုပြီး အိမ်ကို လာပို့တဲ့အချိန်မှာပဲ အခုလိုမျိုးဖြစ်သွားတယ်’ ဟု မပဲပဲ၏ မိခင်ဖြစ်သူ ဒေါ်သန်းရှိန်က ပြောပါသည်။

သေဆုံးသူ၏ အလောင်းကို စက်တင်ဘာလ (၂၁) ရက်နေ့ နံနက် (၆) နာရီအချိန်ခန့်တွင် တွေ့ရှိခဲ့ကြောင်း၊ သေဆုံးသူသည် ဦးခေါင်းနောက်စေ့တွင် ပြတ်ရှဒဏ်ရာ (၆) လက်မခန့် ရရှိခဲ့ကြောင်း ကျိုက်မရောမြို့နယ်ရဲစခန်းမှ သိရှိရသည်။

အလောင်းရှာဖွေတဲ့သူတွေ စားဖို့သောက်ဖို့ဆိုပြီး MCL ဘိလပ်မြေစက်ရုံက ငွေ (၅) သိန်းကို အစ်မရဲ့မိသားစုကို ပေးခဲ့တယ်’ ဟု သေဆုံးသူမပဲပဲ၏ ညီမဖြစ်သူက ပြောပြပါသည်။

၎င်းပြင် စက်တင်ဘာလ (၂၁) ရက်နေ့တွင် MCL ဘိလပ်မြေစက်ရုံမှ တာဝန်ရှိသူတစ်ဦးနှင့် ဘာသာပြန် (၂) ဦးတို့ မပဲပဲ၏ အသုဘကျင်းပရာ သုသာန်သို့ရောက်ရှိလာပြီး MCL အမှတ်တံဆိပ်ပါ စာအိတ် (၂) လုံးကို အများရှေ့တွင်ပင် ဖခင်ဖြစ်သူအား ပေးအပ်ခဲ့ကြောင်း သိရသည်။

‘အသုဘချဖို့အတွက် စေတနာနဲ့ ကျွန်တော်တို့ လာပေးတာပါ။ ကျန်တဲ့ ကိစ္စက ကျွန်တော်တို့ ကုမ္ပဏီနဲ့ မဆိုင်ဘူး။ တိုက်တဲ့သင်္ဘောကုမ္ပဏီနဲ့ပဲ ဆိုင်တယ်လို့ ကျွန်တော့်ကို အဲသလို ပြောသွားတယ်။ စာအိတ်ထဲမှာက ပိုက်ဆံ (၃) သိန်း ပါပါတယ်’ ဟု မပဲပဲ၏ဖခင်ဖြစ်သူ ဦးညွန့်က ပြောပါသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး မိသားစုဝင်များ၏ သဘောဆန္ဒကို မေးမြန်းရာတွင် ကုမ္ပဏီဘက်မှ တာဝန်ရှိသူများ မလာရောက်သည့်အတွက် လက်ရှိအချိန်တွင် ဘာမှမပြောနိုင်သေးကြောင်း၊ ဝမ်းကွဲညီမတော်စပ်သူ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်က ညှိနှိုင်းဆောင်ရွက်ပေးမည်ကို စောင့်ဆိုင်းနေကြောင်း ဦးညွန့်က ပြောပါသည်။

စက်တင်ဘာလ (၂၂) ရက်နေ့တွင် High Mix ကုမ္ပဏီမှ သင်္ဘောမန်နေဂျာတစ်ဦးက မိသားစုဝင်များထံသို့ လာရောက်တွေ့ဆုံပြီး ရက်လည်ဆွမ်းကျွေးကို ရန်ကုန်ဓလေ့ထုံးစံအတိုင်း အားလုံး တာဝန်ယူဆောင်ရွက်ပေးမည်ဟု ပြောဆိုကမ်းလှမ်းခဲ့သည်။

သေဆုံးသူ၏အဒေါ်တော်စပ်သူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်က ဆရာမတို့က ရန်ကုန်မှာလို မုန့်ဟင်းခါးကျွေးပြီး ရက်လည်ဆွမ်းကျွေးလုပ်တာ မဟုတ်ဘူး။ ဆရာမတို့က ဒါလေးလုပ်ပေးပါ၊ ဒီလိုလုပ်ပေးပါဆိုတာမျိုးလည်း မတောင်းဆိုဘူး။ သူတို့ (ကုမ္ပဏီဘက်က) ဘာလုပ်ပေးမယ် ဆိုတာကိုပဲ စောင့်ကြည့်နေတယ်။ သူတို့လုပ်တာ မမှန်ဘူးဆိုရင် ဥပဒေအရ တွန်းအားပေးမယ်’ ဟု ပြောပါသည်။

သေဆုံးသူ မပဲပဲသည် မိဘနှစ်ပါးနှင့် မိသားစုဝင်များ၏ စားဝတ်နေရေးကို တာဝန်ယူနေသော သမီးတစ်ဦးဖြစ်သည်။

လက်ရှိအချိန်တွင် MV Kaung Hein သင်္ဘောမောင်းနှင်သူကို ကျိုက်မရောရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၂၈၀/၃၀၄–က လူသေမှုဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

‘ဒီအမှုက ၃၀၄–က (လူသေမှု) ဖြစ်သွားတဲ့အတွက်ကြောင့် အမှုစစ်တစ်ယောက် အနေနဲ့ အစ်မက လုပ်ထုံးလုပ်နည်းအတိုင်း သွားမယ်။ တရားရုံးမှာ တရားစွဲမယ်။ အခုလက်ရှိ သက်သေကို စစ်ဆေးနေတယ်။ တရားခံကိုလည်း ရမန်ယူထားတယ်’ ဟု ကျိုက်မရောမြို့မရဲစခန်းမှ ဒုရဲအုပ်အိဖြိုးအောင်က ပြောပါသည်။

မော်လမြိုင်ဘိလပ်မြေလီမိတက်က စီမံကိန်းစတင်လုပ်ကိုင်ပြီးနောက်ပိုင်းတွင် အတ္တရံမြစ်ကို မှီခိုအားထားနေရသော ရေလုပ်သားများနှင့် လယ်သမားများအနေဖြင့် အနှောင့်အယှက်များကို နည်းမျိုးစုံ ကြုံတွေ့နေရကြောင်း ၎င်းတို့၏ပြောပြချက်အရ သိရှိရသည်။

‘ကျွန်တော်တို့ ကျိုက်မရောမြို့ပေါ်က ရပ်ကွက်မှာကျတော့ သင်္ဘောတိုက်လို့ လူသေတာ ဒါပထမဆုံးအကြိမ်ပဲ။ ဒါပေမယ့် ငါးဖမ်းပိုက်တွေ မင်းပိုက်တွေကိုတော့ ခဏခဏ တိုက်မိတယ်။ တံငါသည်တွေလည်း ဒါကို ခဏခဏ ကြုံတွေ့နေပြီးသားပဲ’ ဟု ရေလုပ်သား ဦးကျော်ဦးက ပြောပါသည်။

ယခုလိုဖြစ်စဉ်မျိုး နောက်ထပ် မဖြစ်ပွားစေရန်အတွက် သင်္ဘောများကို အရှိန်လျှော့မောင်းနှင့်ပေးခြင်း၊ သင်္ဘောတစ်စီးနှင့်တစ်စီး ခွာ၍ မောင်းနှင်ပေးခြင်းနှင့် ရေစုန်ရေဆန် အလိုက် သင်္ဘောကို သတိထားမောင်းနှင်ပေးခြင်းများ ပြုလုပ်ပေးရန် ရေလုပ်သားအများစုက အကြံပြုတောင်းဆိုခဲ့သည်။

# ရေဖြူမြို့နယ်တွင် ခြံလုပ်သားတစ်ဦး မိုင်းနင်းမိသဖြင့် ဒေသခံများ မိမိတို့ခြံသို့ သွားရောက်အလုပ်လုပ်ရန် ကြောက်ရွံ့နေ



နိုဝင်ဘာ ၆၊ ၂၀၁၈

၂၀၁၈ အောက်တိုဘာလ (၂၈) ရက်နေ့တွင် တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်၊ ကြောင်လျှာကွင်းဒေသတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒေသခံခြံလုပ်သားတစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ သတင်းကြောင့် ဒေသခံခြံပိုင်ရှင်နှင့် ခြံလုပ်သား (၁၀၀) နီးပါးတို့သည် မိမိတို့ခြံသို့ သွားရောက်အလုပ်လုပ်ရန် ကြောက်ရွံ့ထိတ်လန့်လျက်ရှိကြောင်း သိရသည်။ ကြောင်လျှာကွင်းဒေသသည် မွန်ပြည်သစ်ပါတီနှင့် ကရင်အမျိုးသားအစည်းရုံးတို့ နယ်မြေအငြင်းပွားမှု မကြာခဏဖြစ်ပွားနေသော နေရာဖြစ်သည်။

ရေဖြူမြို့နယ် အလယ်စခန်းကျေးရွာအနီးရှိ ကွမ်းသီးခြံတွင် အလုပ်လုပ်နေစဉ် မင်းမွန်ချမ်းသည် မြေမြှုပ်နင်းမိပြီး ညာဖက်ခြေထောက်ပြတ်တောက်ခဲ့သဖြင့် မော်လမြိုင်ဆေးရုံးသို့ ပို့ဆောင်ကုသခဲ့ရသည်။

'မော်လမြိုင်ဆေးရုံက ဆရာဝန်ပြောတာကတော့ သူ့ညာဘက်ခြေထောက်ကတော့ ခြေချင်းဝတ်ကနေဖြတ် ပစ်လိုက်ဖို့လိုမယ်တဲ့။ မဟုတ်ရင် ခြေထောက်တစ်ဖက်လုံး ဆုံးရှုံးသွားနိုင်တယ်တဲ့။ သူ့မှာ ဆယ်လသားကလေးတစ်ယောက် ရှိသလို သူ့မိန်းမကလည်း ကျန်းမာရေး မကောင်းဘူး' ဟု ကာယကံရှင်၏ အစ်ကိုဖြစ်သူ နိုင်ရိုးက သူ့ညီ၏ ကျန်းမာရေးအခြေအနေနှင့်မိသားစု အခက်အခဲကို ပြောပြပါသည်။

၎င်းပြင် နစ်နာသူ၏ မိသားစုဝင်များအပါအဝင် ဒေသခံလယ်သမားများက ခြံလုပ်ငန်းများနှင့်ပတ်သက်၍ ရှေ့ဆက်မည်သို့လုပ်ဆောင်ရမည်ကို သေသေချာချာဆုံးဖြတ်နိုင်ခြင်း မရှိသေးချေ။ ၎င်းတို့ခြံအတွင်း လုံခြုံစိတ်ချမှုရှိစေရန် လုပ်ဆောင်ရန်အတွက် ဒေသခံရွာသားတွင် နည်းပညာနှင့် ပစ္စည်းကိရိယာများလည်း မရှိချေ။ ဒေသခံအာဏာပိုင်များကလည်း မြေမြှုပ်မိုင်းပေါက်ကွဲမှုနှင့်ပတ်သက်၍ ဒေသခံများအား သတင်းတစ်စုံတရာ ထုတ်ပြန်ပေးခြင်း မရှိချေ။

ဘယ်နေရာက မြေမြှုပ်မိုင်းရှိတယ် ကျွန်တော်တို့က ဘယ်နေရာတွေကို ရှောင်ရှားရမယ်ဆိုတာ ဘယ်သူကမှ အကြောင်းကြားထားတာ မရှိဘူး' ဟု နိုင်ရိုးက ပြောပါသည်။

မွန်ပြည်သစ်ပါတီနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ နယ်မြေအငြင်းပွားမှုဖြစ်ပွားနေသော ကြောင်လျှာကွင်း ဒေသတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် တစ်လအတွင်း ဒေသခံ (၂) ဦး ဒဏ်ရာရရှိခဲ့ပြီး ဖြစ်သည်။ အောက်တိုဘာလ (၁၅) ရက်နေ့တွင် မွန်ပြည်သစ်ပါတီ၏ တပ်သားတစ်ဦးဖြစ်သူ အသက် (၂၅) နှစ်အရွယ်ရှိ နိုင်မွန်ချမ်းသည် ကင်းလှည့်လည်နေစဉ် မြေမြှုပ်မိုင်းနင်းမိသဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်ဆေးရုံတွင် ဘယ်ဘက်ခြေထောက် ကို ခြေချင်းဝတ်မှ ဖြတ်ပစ်ခဲ့ရသည်။

▲ စာမျက်နှာ ၅ သို့

# အသက် (၈) နှစ်အရွယ် ကလေးငယ်ကို အဖိုးဖြစ်သူက ခြိမ်းခြောက်ကာ အကြိမ်ကြိမ်အဓမ္မပြုကျင့်

နိုဝင်ဘာ ၂၉၊ ၂၀၁၈
အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်

၂၀၁၈ နိုဝင်ဘာလတွင် မွန်ပြည်နယ် မုဒုံမြို့နယ်–––ကျေးရွာတွင် နေထိုင်သော အသက် (၈) နှစ်အရွယ် မိန်းကလေးငယ်ကို အမေဘက်က အသက် (၅၀) အရွယ်ရှိ အဖိုးဖြစ်သူက (၅) ကြိမ်တိုင်တိုင် အဓမ္မပြုကျင့်ခဲ့သည်။ အဆိုပါ မြေးမငယ်လေးသည် အဖိုးဖြစ်သူနှင့် (၃) လသားအရွယ်ကတည်းကပင် အတူနေထိုင်လာခဲ့သူ ဖြစ်သည်။

ကလေးငယ်၏ ပြောပြချက်အရ နောက်ဆုံးအကြိမ်အဓမ္မပြုကျင့်မှုသည် နိုဝင်ဘာလ (၁၁) ရက်နေ့ နေ့လည် ရုပ်မြင်သံကြားကြည့်ရှုနေချိန်တွင် ဖြစ်ပွားခဲ့သည်။ အဖိုးဖြစ်သူက ၎င်းအား သူ၏အိပ်ခန်းသို့ ခေါ်ဆောင်သွားပြီး အဓမ္မပြုကျင့်ခဲ့ခြင်း ဖြစ်သည်။ အခင်းဖြစ်ပွားချိန်တွင် အသက် (၁၄) နှစ်အရွယ် အိမ်နီးနားချင်း မိန်းကလေးငယ်တစ်ဦးက အဆိုပါအိမ်ရှေ့သို့ ဖြတ်လျှောက်သွားစဉ် အဖြစ်အပျက်ကို မြင်တွေ့ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ဖြစ်စဉ်ကို ကလေးငယ်၏ အဖွားဖြစ်သူအား ဖွင့်ဟပြောပြခဲ့သည်။

နိုဝင်ဘာလ (၁၆) ရက်နေ့တွင်လည်း အိမ်နီးနားချင်းဖြစ်သူ ဦး––––မှ ကလေးငယ်၏ အဖေဘက်က အဖိုးအဖွားများကို ဖုန်းဆက်ပြီး အဖြစ်အပျက်ကို ပြောပြခဲ့ပြန်သည်။ အဖေဘက်က အဖိုးအဖွားများက မြေးမလေးအိမ်သို့ လိုက်သွားပြီး အဖြစ်အပျက်ကို မေးမြန်းခဲ့ရာ (၅) ကြိမ်တိုင်တိုင် အဓမ္မပြုကျင့်ခံခဲ့ရကြောင်း မိန်းကလေးငယ်က ဖွင့်ပြောပါသည်။

နိုဝင်ဘာလ (၁၈) ရက်နေ့တွင် အဖေဘက်က အဖိုးအဖွားများက မုဒုံမြို့နယ်ရဲစခန်းသို့ သွားရောက်ပြီး အမှုဖွင့် တိုင်ကြားခဲ့သည်။ ရဲစခန်းက ကျူးလွန်သူကို ဖမ်းဆီးပြီး ရာဇသတ်ကြီးပုဒ်မ (၃၇၆) မုဒိမ်းမှုဖြင့် အမှုဖွင့်ခဲ့သည်။

'ကျောင်းပိတ်တဲ့နေ့တွေဆို အဖိုးက သမီးကို သူ့အခန်းထဲ ခေါ်သွားတယ်။ အဖွားက လယ်ထဲဆင်းပြီး ဟင်းစားရှာတဲ့နေ့တွေမှာလည်း အဖိုးက အခန်းထဲ ခေါ်သွားတာပဲ။ တစ်ခါတလေ ညဘက်မှာ နိုးပြီးတော့လည်း အခန်းထဲခေါ်သွားတယ်။ အဖိုးက သမီးနဲ့ အဖွားကြားမှာ အိပ်တယ်။ တစ်ယောက်ယောက်ကို ပြောပြရင် သမီးကို ရိုက်မယ်လို့ ခြိမ်းခြောက်တယ်။ သမီး သူ့ကို ကြောက်တယ်' ဟု အဆိုပါကလေးငယ်က ပြောပါသည်။

'လောလောဆယ်တော့ မြေးမလေးကို ကျောင်းနားခိုင်းထားတယ်။ စုံစမ်းစစ်ဆေးနေတဲ့အချိန်မှာ မြေးမလေးကို တစ်ခြားမပို့ဖို့ ရဲစခန်းက မှာထားတယ်။ သူ့(အမေဘက်က)အဖိုးအိမ်မှာတော့ မထားတော့ဘူး။ အဖွားတို့နဲ့ပဲ နေခိုင်းထားတယ်။ သူ့အမေ ထိုင်းကနေပြန်လာနေပြီလို့ အဖွားတို့ သိရတယ်' ဟု မိန်းကလေးငယ်၏ အဖေဘက်ကအဖွားက ပြောပါသည်။

နိုဝင်ဘာလ (၂၅) ရက်နေ့တွင် ကျူးလွန်သူက ၎င်း၏ပြစ်မှုကို ရဲစခန်းတွင် ၊နှ်ခံခဲ့ပြီး (၂) ကြိမ် အဓမ္မပြုကျင့်ခဲ့ကြောင်းနှင့် (၂) ကြိမ် လိင်အကြမ်းဖက်ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

လောလောဆယ်တွင် ကျူးလွန်သူ တရားခံကို မုဒုံမြို့နယ်ရဲစခန်းတွင် ထိန်းသိမ်းထားကြောင်း သိရသည်။

▲ စာမျက်နှာ – ၄ မှ အဆက်

သတင်းများအရ အောက်တိုဘာ (၁၆) ရက်နေ့တွင် မွန်ပြည်သစ်ပါတီနှင့် ကရင်အမျိုးသားအစည်းရုံးတို့ ထိတွေ့မှု ဖြစ်ပွားခဲ့သည်ဟု သိရသည်။ တိုက်ပွဲကြောင့် ဒေသခံရွာသူ ရွာသားက ၎င်းတို့ခြံသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် ကြောက်ရွံ့နေကြသည်။ နောက်တစ်ပတ်တွင် မွန်ပြည်သစ်ပါ တီက ကရင်အမျိုးသားအစည်းအရုံးနှင့် တွေ့ဆုံညှိနှိုင်းနေသည်ဟု ထုတ်ပြန်ခဲ့ပြီး ရွာသားအား ခြံသို့မသွားရောက်ရန် အကြောင်းကြားခဲ့သည်။ အလယ်စခန်းကျေးရွာ အုပ်ချုပ်ရေးမှူးက အဆိုပါမြေမြှုပ်မိုင်းများကို ကရင်အမျိုးသားအစည်းအရုံးက မကြာမီ အချိန်က ထောင်ထားခဲ့သည်ဟု ထင်မြင်ယူဆနေသည်။

အုပ်ချုပ်ရေးမှူးဖြစ်သူ နိုင်တင်စံက မြေမြှုပ်မိုင်းပေါက်ကွဲမှုကို သက်ဆိုင်ရာ အစိုးရဌာနများသို့ အောက်တိုဘာလ (၂၉) ရက်နေ့တွင် သတင်းပေးပို့ တင်ပြထားကြောင်း ပြောပြပါသည်။

'ပေါက်ကွဲမှုနဲ့ပတ်သက်ပြီး အစိုးရက ဘာမှမလုပ်သေးပါဘူး။ သူတို့ဘာလို့ နှုတ်ဆိတ် နေသလဲဆိုတာ ကျွန်တော်တော့ နားမလည်ဘူး။ အစိုးရဘက်က ဘာမှ လုပ်မပေးဘူးဆိုရင် ကျွန်တော်တို့က တစ်ခြားနည်းလမ်းကို စဉ်းစားရမှာပေါ့' ဟု ၎င်းက ပြောပါသည်။

ကရင်အမျိုးသားအစည်းအရုံး၏ လုပ်ဆောင်ချက်အချို့ကိုလည်း အုပ်ချုပ်ရေးမှူးက မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ပြောပြခဲ့ပါသည်။ အောက်တိုဘာလ (၈) ရက်နေ့တွင် ကြောင်လျှာကွင်းရှိ ခြံလုပ်သား (၃) ဦးကို ကရင်အမျိုးသားအစည်းအရုံးက ရိုင်ဖယ်သေနတ်ဒင်နှင့် လုံ့စွပ်တို့ဖြင့် ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့သည်။

'သူတို့က ခြံလုပ်သားတွေကို နှိပ်စက်ပြီး တဲတွေကို မီးရှို့လိုက်တယ်။ ဒီကိစ္စကို သက်ဆိုင်ရာအစိုးရဌာနတွေကို သတင်းပို့တိုင်ကြားထားပြီး ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့က ဘာမှတော့ အကြောင်းမပြန်သေးဘူး' ဟု နိုင်တင်စံက ပြောပါသည်။

တနင်္သာရီတိုင်း ရေဖြူမြို့နယ်တွင် မွန်ပြည်သစ်ပါတီ၏ အမှတ် (၂) ထားဝယ်ခရိုင်တပ်ရင်းနှင့် ကရင်အမျိုးသားအစည်းအရုံး၏ တပ်မဟာ (၄) လက်အောက်ခံ တပ်ရင်းအမှတ် (၁၀) တို့က ၂၀၁၆ ခုနှစ် ကတည်းက အခြေစိုက် လှုပ်ရှားလျက်ရှိကြောင်း သိရသည်။

▲ စာမျက်နှာ – ၁ မှ အဆက်

# ကုလားဂုတ်ကျွန်းမှ အပြစ်မဲ့အရပ်သားကို ပစ်သတ်ခဲ့သူ တပ်မတော်သားအား အရပ်ဖက်တရားရုံးသို့ ပို့ဆောင်စစ်ဆေးမည်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
ရန်ကုန်မြို့

စာအမှတ်၊ ၃/၁၀၁ (၁၉၁၆)/ တိုင်ကြား/ မလက
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်

သို့

ဒေါ်ခင်ဆွေတင်
မွန်ဗမာရုံ၊ ဗိုလ်နေဝင်းလမ်း
ကျောင်းပိုင်းရပ်ကွက်၊ သံဖြူဇရပ်မြို့
မွန်ပြည်နယ်

အကြောင်းအရာ။ တပ်အရာရှိတစ်ဦးမှ အပြစ်မဲ့အရပ်သားတစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်ခြင်းကိစ္စ တိုင်ကြားလာခြင်းအား အကြောင်းပြန်ကြားခြင်း

၁။ တပ်အရာရှိတစ်ဦးမှ အပြစ်မဲ့အရပ်သားတစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်ခြင်းကိစ္စ တိုင်ကြားလာခြင်းအား ကာကွယ်ရေးဝန်ကြီးဌာနသို့ စုံစမ်းစေမြန်း အကြောင်းကြားခဲ့ပါသည်။

၂။ ကာကွယ်ရေးဝန်ကြီးဌာန၏ ပြန်ကြားချက်အရ တိုင်ကြားစာပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ဗိုလ်ကြီး အောင်ကိုမင်းအပေါ် သက်သေခံအထောက်အထားများ ရရှိပြီး မိမိနှင့်သက်ဆိုင်ခြင်းမရှိသည့် အရပ်သားများ၏ မြေယာအငြင်းပွားမှုကိစ္စရပ်များတွင် ဝင်ရောက်ဖြေရှင်းခဲ့မှုနှင့် အရက်သေစာ သောက်စားမူးယစ်မှုတို့အတွက် တပ်မတော်အက်ဥပဒေပုဒ်မ-၆၅၊ ၄၇ (၁) တို့ဖြင့် စွဲချက်နှစ်ရပ်တင်၍ အကျဉ်းစစ်တရားရုံးချုပ်ဖြင့် စစ်ဆေးစီရင်ပြီး စစ်တရားရုံး၏ ပြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုနိုင်ရေး ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ အရပ်သား ဦးတင်စိုးမြင့်အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုအတွက် တပ်မတော်အက်ဥပဒေပုဒ်မ- ၇၂ အရ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်နိုင်ခြင်းမရှိသဖြင့် အရာရှိအား သက်ဆိုင်ရာ နယ်ဘက်တရားရုံးသို့ ဆက်လက်လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်းဟု ပြန်ကြားလာမှုအား သိရှိနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

(တုန်းကြွယ်)
ဒေါ်ရီ ... ကြားရေးမှူးချုပ်

မိတ္တူကို
ရုံးလက်ခံ
မျှော

နိုဝင်ဘာ ၂၈၊ ၂၀၁၈

၂၀၁၈ နိုဝင်ဘာလ (၁၆) ရက်နေ့တွင် ထုတ်ပြန်သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အကြောင်းကြားစာအရ မွန်ပြည်နယ် ရေးမြို့နယ် ကုလားဂုတ်ကျွန်းမှ အပြစ်မဲ့အရပ်သားဖြစ်သူ ဦးတင်စိုးမြင့်ကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သူ အမှတ် (၅၈၇) ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီး အောင်ကိုမင်းကို အရပ်ဖက်တရားရုံးသို့ လွှဲပြောင်းစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

'ကျွန်မ ကျေနပ်တယ်။ စစ်ဘက်တရားရုံးမှာဆို အမှုဘယ်လိုစစ်လဲ ကျွန်မဘာမှမသိရဘူးလေ။ အခု အရပ်ဖက်တရားရုံးကိုလွှဲပေးလိုက်ပြီဆိုတော့ အမှုဘယ်လိုစစ်တယ်ဆိုတာ ကျွန်မ မြင်ရသိရတော့မှာပါ။ အမှန်တရားပဲ လိုချင်ပါတယ်။ (မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရဲ့ လုပ်ဆောင်ချက်ကို) ကျေနပ်ပါတယ်' ဟု သေဆုံးသူ၏ ဇနီးဖြစ်သူက ပြောပါသည်။

အကြောင်းကြားစာတွင်ပါရှိသော ဖော်ပြချက်အရ မိမိနှင့်မသက်ဆိုင်သော အရပ်သားများ၏ မြေယာအငြင်းပွားမှုကို ဝင်ရောက်ဖြေရှင်းမှုနှင့် အရက်သေစာ သောက်စားမူးယစ်မှုတို့အတွက် ဗိုလ်ကြီး အောင်ကိုမင်းအား တပ်မတော်အက်ဥပဒေပုဒ်မ ၆၅၊ ၄၇ (၁) တို့ဖြင့် စွဲချက်တင် စစ်ဆေးပြီး စစ်တရားရုံး၏ ပြစ်ဒဏ်ချမှတ်မှုကို အတည်ပြုနိုင်ရန် လုပ်ဆောင်ထားပြီးဖြစ်ကြောင်း၊ ဦးတင်စိုးမြင့်အား သတ်ဖြတ်မှုအတွက် တပ်မတော်အက်ဥပဒေပုဒ်မ (၇၂) အရ စစ်ဆေးစီရင်နိုင်ခြင်းမရှိသဖြင့် တရားခံအား သက်ဆိုင်ရာ နယ်ဘက်တရားရုံးသို့ ဆက်လက်လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သေဆုံးသူ၏ဇနီးဖြစ်သူ ဒေါ်ခင်ဆွေတင်က ကျူးလွန်သူကို တရားစီရင်နိုင်ရေးအတွက် ၂၀၁၈ ဖွန်လ (၆) ရက်နေ့တွင် မွန်ပြည်နယ်လွှတ်တော်သို့ တိုင်ကြားစာပေးပို့ခဲ့ရာ တရားရုံး၏ဆုံးဖြတ်ချက်ကို ကာယကံရှင်မိသားစုအား အကြောင်းကြားအသိပေးသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက ဩဂုတ်လ (၁) ရက်နေ့တွင် အကြောင်းပြန်ခဲ့သည်။

၂၀၁၈ ဇူလိုင်လ (၂၇) ရက်နေ့တွင်လည်း ဒေါ်ခင်ဆွေတင်က ဒေသခံ လူမှုအဖွဲ့အစည်းမှ အဖွဲ့ဝင်တစ်ဦးနှင့်အတူ အမှတ် (၁၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်သို့ သွားရောက်ပြီး တပ်ရင်းမှူးနှင့်တွေ့ဆုံကာ အမှုအကြောင်းကို ဆွေးနွေးပြောဆိုခဲ့သည်။ 'တပ်မှာဖြစ်တဲ့ကိစ္စတွေကိုပဲ ကျွန်တော်တို့က အရေးယူလို့ရတယ်။ အရပ်သားနဲ့ ဖြစ်တဲ့ကိစ္စကျတော့ ကျွန်တော်တို့က ဘာမှလုပ်လို့မရဘူး' ဟု တပ်ရင်းမှူးက အကြောင်းပြန်ခဲ့သည်ဟု ဆိုသည်။

နစ်နာသူဒေါ်ခင်ဆွေတင်တွင် ကျောင်းနေအရွယ်သားသမီး (၃) ဦး ရှိပြီး ၎င်းတို့၏ ပညာရေးကို ထောက်ပံ့ပေးနိုင်ရန် ခက်ခဲလျက်ရှိသည်။

၂၀၁၈ မေလ (၁၉) ရက်နေ့တွင် တပ်ရင်းမှူးစိုးမိုးကျော်က ဒေါ်ခင်ဆွေတင်ထံသို့ လာရောက်ပြီး ငွေကျပ် (၈) သိန်း ပေးအပ်ကာ အမှုကျေအေးရန် တောင်းဆိုခဲ့သည်။ သို့သော် ကာယကံရှင်က ပေးအပ်သောငွေကြေးကို ငြင်းဆန်ကာ ငွေကြေးမလိုအပ်ကြောင်း၊ အမှုမှန်ပေါ်ပေါက်ရေးကိုသာ ဆောင်ရွက်ပေးစေလိုကြောင်း ပြန်လည်ပြောဆိုခဲ့သည်။

အမှတ် (၅၈၇) ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီးအောင်ကိုမင်းက မွန်ပြည်နယ် ရေးမြို့နယ် ကုလားဂုတ်ကျွန်းနေ ဦးတင်စိုးမြင့်ကို ၂၀၁၈ မေလ (၁၆) ရက်နေ့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြသနိုင်ခြင်းမရှိဟုဆိုကာ အကြောင်းမဲ့ပစ်သတ်ခဲ့ခြင်း ဖြစ်သည်။

# မုဒိမ်းကျင့်သတ်ဖြတ်မှုအတွက် ဝန်ခံစေရန် ရဲတပ်ဖွဲ့က ညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်း ကာယကံရှင်မိသားစုဝင်များက ပြောဆို

နိုင်ဝင်ဘာ ၂၇၊ ၂၀၁၈

အသက် (၁၃) နှစ်အရွယ် ယောကျ်ားလေးတစ်ဦးကို ဖမ်းဆီးထိန်းသိမ်းပြီး မုဒိမ်းကျင့်သတ်ဖြတ်မှုအတွက် ဝန်ခံလာစေရန် ရဲတပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်မှု ပြုလုပ်ခဲ့သည်ဟု ကာယကံရှင် မိသားစုဝင်များက စွပ်စွဲပြောဆိုခဲ့သည်။

အသက် (၁၃) နှစ်အရွယ် မောင်–––ဖြစ်သူကို အသက် (၈) နှစ်အရွယ် မွေးစားညီမဖြစ်သူအား မွန်ပြည်နယ် မော်လမြိုင်မြို့––––ရပ်ကွက်၌ မုဒိမ်းကျင့်သတ်ဖြတ်ခဲ့သည်ဟု ရဲတပ်ဖွဲ့ဝင်များက နိုဝင်ဘာ (၁၈) ရက်နေ့တွင် စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။ မောင်––––ကို လက်ရှိတွင် ပြန်လည်နေရာချထားရေးနှင့် လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ လူငယ်ထိန်းသိမ်းရေးဌာန၌ ထိန်းသိမ်းထားကြောင်း မိသားစုဝင်များက ပြောပါသည်။

အောက်တိုဘာလ (၁၈) ရက်နေ့ နံနက် (၁၀) နာရီခန့်အချိန်တွင် မုဒိမ်းကျင့်သတ်ဖြတ်ခံရသည်ဟုဆိုသော ကလေးမငယ်သည် အဒေါ်ဖြစ်သူ၏နေအိမ်မှ ထွက်ခွာသွားပြီး ပြန်လာခြင်းမရှိသဖြင့် အိမ်သားများက လိုက်လံရှာဖွေသော်လည်း တွေ့ရှိခဲ့ခြင်း မရှိချေ။ မိသားစုဝင်များက အောက်တိုဘာလ (၁၉) ရက်နေ့တွင် လူပျောက်တိုင်ကြားခဲ့ ပြီးနောက် ကလေးမငယ်၏ ရုပ်အလောင်းကို လှိုင်ရတနာလမ်းအနီးရှိ အုတ်ဖုတ်ကွင်းတွင် နေ့လည် (၂) နာရီအချိန်၌ တွေ့ရှိခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များက မောင်–––ကို သံသယရှိသဖြင့် နိုဝင်ဘာလ (၁) ရက်နေ့ ည (၁၁) နာရီအချိန်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

'ဇေယျာသီရိရဲစခန်းက ကျွန်မသားလေးကို နှစ်ခါ ဖမ်းခေါ်သွားပြီး နိုဝင်ဘာ (၁) ရက်နေ့မှာ ပြန်လွှတ်ပေးခဲ့တယ်။ ဒါပေမယ့် အဲနေ့ ည (၁၁) နာရီ သူအိပ်ပျော်နေတဲ့အချိန်မှာ ထပ်ပြီး လာဖမ်းသွားတယ်။ အဲအချိန်မှာ ကျွန်မက မော်လမြိုင်က ပွဲတော်တစ်ခုမှာ ဈေးရောင်းနေလို့ အိမ်မှာမရှိဘူး။ နံနက် (၃) နာရီ အိမ်ကို ပြန်ရောက် တော့ နေမကောင်းဖြစ်နေတဲ့ ယောကျ်ားက ရဲတွေက သားလေးကို ဖမ်းသွားပြီး ပြန်မလွှတ်သေးဘူးလို့ ပြောတယ်။ နောက်တစ်နေ့မနက်ကျ ရဲစခန်းကို လိုက်သွားပြီး သားလေးကို တွေ့ချင်တယ်လို့ ပြောပေမယ့် သူတို့က တွေ့ခွင့်မပေးဘူး' ဟု မိခင်ဖြစ်သူက ပြောပါသည်။

နိုဝင်ဘာလ (၂) ရက်နေ့တွင် မောင်––––၏ ဖခင်ဖြစ်သူမှာ ရောဂါကြောင့် ဆုံးပါးသွားခဲ့သည်။ မိခင်ဖြစ်သူက ညနေတွင် ရဲစခန်းသို့ ဖုန်းဆက်ပြီး သားဖြစ်သူအတွက် အစားအသောက်များ ပို့ဆောင်ပေးလိုကြောင်း တောင်းဆိုရာ ကလေးငယ်ကို မော်လမြိုင် စန်းကြီးရှိ လူငယ်ထိန်းသိမ်းရေးဌာနသို့ ပို့ဆောင်လိုက်ပြီဖြစ်ကြောင်း အကြောင်းပြန်ခဲ့သည်။

'သားကို ဌာနကို ပို့လိုက်တယ်ဆိုတာ ရဲက ကျွန်မတို့ကို ဘာမှမပြောပြဘူး။ ပြီးတော့ သားနဲ့လည်း ပေးမတွေ့ဘူး။ သားကို သူ့အဖေအသုဘချတဲ့ တနင်္ဂနွေနေ့မှာပဲ တစ်ခါတွေ့ခွင့်ရတယ်။ သူ့အဖေလည်း သူ့ကို တွေ့မသွားရှာပါဘူး' ဟု မိခင်ဖြစ်သူက ပြောပါသည်။

'နိုဝင်ဘာ (၁) ရက်နေ့မှာ သားက ကျွန်မကို ဖုန်းဆက်ပြောတယ်။ သူ့ကို စခန်းခေါ်သွားပြီး အတင်းဝန်ခံခိုင်းတယ်တဲ့။ မုဒိမ်းကျင့်ပြီး သတ်လိုက်တာလို့ ဝန်ခံရင် သူ့ကို အိမ်ပြန်ပို့ပေးမယ်လို့ ရဲတွေက ကတိပေးတယ်လို့ သားက ပြောတယ်။ ရဲတွေက သူ့ကို တစ်ညလုံး ဆိုင်ကယ်စီးသလို ပုံစံထိုင်ခိုင်းပြီး နှိပ်စက်ခဲ့ပေမယ့် သူ ဝန်မခံခဲ့ဘူးလို့ သားက ကျွန်မကို ပြောတယ်' ဟု မိခင်ဖြစ်သူက ပြောပါသည်။

ဇေယျာသီရိရဲစခန်းက ရဲမှူး မောင်ဝင်းက 'ကောင်လေးနဲ့ ကောင်မလေးက မောင်နှမအရင်းတွေ မဟုတ်ကြဘူး။ ကောင်မလေးကို ကောင်လေးမိဘတွေက မွေးစားထားတာ။ ကောင်မလေးက အိမ်ကနေပျောက်သွားတဲ့နေ့မှာ ကောင်လေးက အိမ်မှာ မရှိဘူး။ ကလေးမ(အလောင်း)ကို ကျွန်တော်တို့ ရှာတွေ့တွေ့ချင်းမှာ ကောင်လေးက ပျောက်သွားတော့ ကျွန်တော်တို့က သူ့ကို တရားခံအဖြစ် သံသယဝင်သွားတယ်' ဟု ပြောပါသည်။

သို့သော် မိန်းကလေးငယ် ပျောက်ဆုံးနေသည့်အချိန်တွင် မောင်––––ဖြစ်သူမှာ ၎င်း၏သူငယ်ချင်းများနှင့် ရပ်ကွက်တွင် ကစားလျက်ရှိသည်ဟု အိမ်နီးနားချင်းများက ရဲစခန်းကို သတင်းပေးထားသည်။

'ကလေးတွေအတော်များများက ကျွန်မကလေးနဲ့ ကျွန်မတို့အိမ်ရှေ့မှာ ကစားနေလေ့ရှိတယ်။ အဲနေ့မှာ မောင်––––ကလည်း သူ့သူငယ်ချင်းတွေနဲ့ ကျွန်မအိမ်ရှေ့မှာ ကစားနေတာ။ အဲနေ့ညက ကျွန်မကလေးက စောစောအိပ်သွားတယ်။ ကျွန်မတို့ တီဗီကြည့်ပြီး ည (၁၁) နာရီထိုးတော့ မောင်–––ကို အိပ်ပျော်နေတာတွေ့တော့ သူ့ကို နှိုးပြီး အိမ်ပြန်ဖို့ ပြောခဲ့သေးတယ်' ဟု မောင်–––နှင့် တစ်လမ်းတည်းတွင် နေထိုင်နေသူ မသန္တာအေးက ပြောပါသည်။

ရဲတပ်ဖွဲ့က စွပ်စွဲခဲ့သော်လည်း မောင်––––အနေဖြင့် မွေးစားညီမဖြစ်သူကို မုဒိမ်းကျင့်ပြီး သတ်ဖြတ်ရန် ဖြစ်နိုင်ချေမရှိကြောင်း အိမ်နီးနားချင်းများက မှတ်ချက်ပေးကြသည်။

'နိုဝင်ဘာ (၂) ရက်နေ့ကစပြီး ရက် (၂၀) ထိန်းသိမ်းခွင့်ရဖို့ တရားရုံးကို ကျွန်တော်တို့ လျှောက်ထားခဲ့တယ်။ တရားရုံးက ခွင့်ပြုလို့ သူ့ကို့ ထိန်းသိမ်းရေးဌာနကို ပို့လိုက်တယ်။ ဒီရက် (၂၀) အတွင်းမှာ တစ်ခြားသက်သေတွေ တွေ့ခဲ့မယ်ဆိုရင် ကျွန်တော်တို့ သူ့ကို စွဲချက်တင်သွားမယ်။ မတွေ့ဘူးဆိုရင်တော့ ပြန်လွှတ်ပေးပါမယ်' ဟု ရဲမှူးမောင်ဝင်းက ပြောပါသည်။

လက်ရှိတွင် မောင်––––ကို ဇေယျာသီရိရဲစခန်းက ထိန်းသိမ်းထားပြီး ရာဇသတ်ကြီးပုဒ်မ (၃၇၆/၃၀၂) မုဒိမ်းမှု၊ လူသတ်မှုတို့ဖြင့် နိုဝင်ဘာလ (၁) ရက်နေ့တွင် စွဲချက်တင်ထားသည်။

• • • • •

# ပတ်ဝန်းကျင်ကို ထိခိုက်စေသော ဝဥစက်ရုံပြောင်းရွှေ့ပေးရန် ဒေသခံများတောင်းဆို

နိုဝင်ဘာ ၃၀၊ ၂၀၁၈

ဒေသခံများ၏ ပြောကြားချက်အရ မုဒုံမြို့နယ်တွင် လည်ပတ်နေသော တရုတ်နိုင်ငံသားပိုင် ဝဥစက်ရုံသည် မွန်ပြည်နယ်အစိုးရ၏ ခွင့်ပြုချက် ရယူထားခြင်းမရှိသည့်အပြင် သဘာဝပတ်ဝန်းကျင်ကိုလည်း ဆိုးရွားစွာ ထိခိုက်စေကြောင်း သိရသည်။ ပင်လယ်ပြာစွမ်းအားကုမ္ပဏီလက်အောက်တွင် လည်ပတ်နေသော အဆိုပါစက်ရုံသည် မုဒုံမြို့နယ် မှိုန်ကနိမ်းနှင့် ကျောက်တလုံးကျေးရွာ အကြားတွင် တည်ရှိပြီး စက်ရုံကြောင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများပါ ဖြစ်ပေါ်နေသည့်အတွက် ဒေသခံများက အဆိုပါစက်ရုံကို ပြောင်းရွှေ့စေလိုခြင်း ဖြစ်သည်။

'ညဘက်ဆို စက်ရုံကြောင့် အိပ်လို့မရဘူး။ ဝဥတွေကို စက်ထဲထည့်တဲ့အခါမှာဆို အသံတွေက ဆူညံနေရော။ အဲအသံတွေကြောင့် လန့်လန့်နိုးတယ်။ ပြီးတော့ စက်ရုံက ရေဆိုးတွေလည်းထုတ်တယ်။ (ရေတွေက လယ်ကွင်းထဲ စီးဝင်သွားတော့) ကျွန်တော်တို့တွေ အကုန်ယားကုန်တယ်။ စက်ရုံက ထွက်တဲ့ မီးခိုးကလည်း ညှော်နံ့ရနေတယ်။ သည်းမခံနိုင်လောက်အောင်ပါပဲ။ အဲအနံ့ရှူမိလို့ ကလေးတစ်ယောက် အသက်ရှူကြပ်ပြီး ဆေးရုံတင်လိုက်ရတယ်'ဟု ကျောက်တစ်လုံးကျေးရွာမှ ရွာသားတစ်ဦးက ပြောပါသည်။

'အခုချက်ချင်းတော့ ဘာမှကြီးကြီးမားမား မဖြစ်သေးဘူးပေါ့။ ဒါပေမယ့် ရွာသားတွေက ရေရှည်မှာ ဆိုးကျိုးတွေ ကျန်းမာရေးပြဿနာတွေ ဖြစ်လာမှာကို စိုးရိမ်နေကြတယ်' ဟု အသက် (၈၀) အရွယ် အဘိုးအိုတစ်ဦးက ပြောပါသည်။

'ခွင့်ပြုချက်မရှိဘဲ လည်ပတ်နေတာကိုတော့ ဘယ်လိုမှ လက်ခံပေးလို့ မရဘူး။ သူတို့က စီးပွားရေးလုပ်ပြီး ကျွန်တော်တို့က ဒုက္ခခံနေရတယ်ဆိုတာ မဖြစ်သင့်ဘူးလေ။ ဆိုးကျိုးတွေ လျော့ကျသွားအောင် လုပ်ဖို့ သူတို့မှာ တာဝန်ရှိတယ်။ ဒီလိုပဲ ဆက်သွားနေမယ်ဆိုရင် အစိုးရက ခွင့်ပြုလည်း ပြည်သူတွေက ကန့်ကွက်နေဦးမှာပဲ' ဟု မှိုန်ကနိမ်းအုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းအောင်က ပြောပါသည်။

ရွာသူ ရွာသားများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးများ ဖြစ်ပေါ်နေခြင်းကြောင့် စက်ရုံကို ပြောင်းရွှေ့ပေးရန် ဒေသခံများက တောင်းဆိုနေခြင်းဖြစ်သည်။

၂၀၁၈ နိုဝင်ဘာလ (၂၃) ရက်နေ့တွင် မုဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မှိုန်ကနိမ်းကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ အကြောင်းစာတစ်စောင် ပေးပို့ခဲ့ရာ ၎င်းစာတွင် ဝဥစက်ရုံသည် အစိုးရ၏ ခွင့်ပြုမိန့်မရရှိဘဲ လည်ပတ်နေကြောင်း ဖော်ပြထားသည်။ သို့သော် စက်ရုံအနေဖြင့် ထုတ်လုပ်မှုကို ရပ်ဆိုင်းထားခြင်း မရှိဘဲ ဆက်လက်လည်ပတ်နေဆဲဖြစ်သည်။

'ခွင့်ပြုမိန့်နဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့ (မွန်ပြည်နယ်)ဝန်ကြီးချုပ်ဆီကို စာတင်ထားတယ်။ ခွင့်ပြုမိန့်ဆိုတာ ဘာကိုဆိုလိုတာလဲ၊ ကျွန်တော်မရှင်းဘူး။ စက်ရုံလည်ဖို့ ခွင့်ပြုမိန့်လား၊ စက်ရုံဆောက်ဖို့ ခွင့်ပြုမိန့်လား၊ ရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုမိန့်လား။ ကျွန်တော်တို့က (နိုင်ငံခြား) ရင်းနှီးမြှုပ်နှံမှု (ကဏ္ဍ)အောက်မှာ စက်ရုံကို လည်ပတ်နေတာဖြစ်တယ်' ဟု ကုမ္ပဏီ၏ တာဝန်ခံစာရေး ဦးသိန်းမြင့်အောင်က ပြောပါသည်။

ကုမ္ပဏီအနေဖြင့် စက်ရုံလည်ပတ်ခွင့် တရားဝင်ရရှိရန်အတွက် မွန်ပြည်နယ်လွှတ်တော်နှင့် သက်ဆိုင်ရာအစိုးရဌာနများကို အသနားခံစာ တင်သွင်းသွားမည်ဖြစ်ကြောင်း ဦးသိန်းမြင့်အောင်၏ ပြောကြားချက်အရ သိရှိရသည်။

'ကျွန်တော်တို့ အသနားခံစာ တင်မယ်။ ဘာလို့လဲဆိုတော့ ရင်းနှီးထားတာတွေ အဆုံးရှုံးမခံနိုင်ဘူးလေ။ အခုရှိနေတဲ့ ကုန်ကြမ်းတွေ ထုတ်လို့ကုန်သွားပြီဆိုရင် စက်ရုံကို (ခဏ)နားထားမယ်။ ပြီးရင် အစိုးရ ဆီကနေ လမ်းညွှန်မှုကို ခံယူမယ်။ အစိုးရက ခွင့်ပြုတယ်ဆိုရင် နောက်နှစ်မှာ စက်ရုံကို ဆက်ပြီးလည်ပတ်သွားမယ်' ဟု ၎င်းက ဆက်ပြောပါသည်။

'စက်ရုံက ဆူညံနေတယ် ဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ရေဆိုးတွေကိုတော့ ကျွန်တော်တို့ လက်လွှတ်စပယ် မစွန့်ပါဘူး။ ကျွန်တော်တို့ဆီမှာ ရေစစ်တဲ့ကန် (၂) ကန် ရှိတယ်။ စက်ရုံက ညှော်နံ့ထွက်တယ်ဆိုတာကလည်း အရင်က ကျောက်မီးသွေးသုံးတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က အခုအချိန်မှာ ဇီးကွဲခြမ်းလောင်စာကိုသုံးနေပါတယ်'ဟု ဦးသိန်းမြင့်အောင်က ပြောပါသည်။



# ကုမ္ပဏီက လမ်းဖောက်လုပ်ရာတွင် မြေယာမတရားရယူခြင်းနှင့် လျော်ကြေးငွေ မမျှမတပေးချေခြင်းများ ဖြစ်ပွား




နိုဝင်ဘာ ၂၈၊ ၂၀၁၉

မြေယာမတရားရယူခြင်းနှင့် လျော်ကြေးငွေ မမျှမတပေးချေခြင်းကြောင့် Southern Myanmar Development ကုမ္ပဏီ အပေါ် မွန်ပြည်နယ် ရေးမြို့နယ်ရှိ ခြံရှင်များက မကျေမနပ်ဖြစ်နေကြကြောင်း သိရသည်။ ကုမ္ပဏီအနေဖြင့် ရေနက်ဆိပ်ကမ်းစီမံကိန်း တစ်ခုအတွက် နှစ်ကရင်နှင့် သပြေသစ်ကျေးရွာအကြားတွင် လမ်းဖောက် လုပ်လျက်ရှိရာ ဒေသခံခြံရှင်များနှင့် မပြေမလည်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

‘ကျွန်တော့်လယ်မှာ သူတို့ အလံနီတွေ လာစိုက်ထားတာကို တွေ့တော့ ကျွန်တော့်အစ်ကိုက ကျွန်တော့်ကို လာပြောတယ်။ သူတို့ ဒီလိုမလုပ်သင့်ဘူးလေ။ ကျွန်တော်တို့ လယ်မှာရှိနေတာတောင် ကျွန်တော်တို့ ဘာမှမပြောဘဲနဲ့ မြေတွေ လာတိုင်းနေတယ်။ နောက်တစ်နေ့တော့ ဒီအကြောင်းကို ကျွန်တော်တို့ကို လာပြောပြီး ခြံတွေရဲ့ ကာလပေါက်ဈေးကို လာစုံစမ်းတယ်။ ကျွန်တော့်ခြံက ကုမ္ပဏီနေရာနဲ့ အတော်လေးနီးတဲ့အတွက် သူတို့ပေးတဲ့ လျော်ကြေးနဲ့ ကျွန်တော့်ခြံကို မရောင်းဘူးဆိုရင် ကုမ္ပဏီက ခြံကို သိမ်းသွားနိုင်တယ်လို့ နှစ်ကရင်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က ကျွန်တော့်ကို ခြိမ်းခြောက်တယ်။ တကယ်လို့ ကုမ္ပဏီက ခြံကို သိမ်းခဲ့မယ်ဆိုရင် သူတို့လည်း ကျွန်တော့်ကို ဘာမှ အကူအညီမပေးနိုင်ဘူးလို့ ဆက်ပြောတယ်’ နှစ်ကရင်ကျေးရွာမှ ဒေါ်ကျင်လှက ပြောပါသည်။

ပြီးခဲ့သည့်အောက်တိုဘာလတွင် အုပ်ချုပ်ရေးမှူးဟောင်း၊ လက်ရှိအုပ်ချုပ်ရေးမှူးနှင့် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော (၆) ဦးပါ အဖွဲ့တစ်ဖွဲ့သည် ဒေသခံခြံပိုင်ရှင်များကို ကြိုတင်အသိပေး အကြောင်းကြားခြင်း မရှိဘဲ သပြေသစ်ကျေးရွာရှိ ခြံများကို တိုင်းတာခြင်းနှင့် အလံနီစိုက် အမှတ်အသားလုပ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ကုမ္ပဏီအနေဖြင့် ဒေသခံပြည်သူများ၏ သဘောဆန္ဒကို ကြိုတင်ရယူခြင်းမရှိသည့်အပြင် ဒေသခံများ၏ ခြံမြေများကို ရယူရာတွင် ကာလပေါက်ဈေးအောက် နိမ့်ကျသောလျော်ကြေးငွေကိုသာ ကမ်းလှမ်း





ခဲ့သည်။ သပြေသစ်ကျေးရွာမှ ခြံပိုင်ရှင်တစ်ဦး၏ ပြောကြားချက်အရ နှစ်ကရင်ကျေးရွာတွင် တစ်ကေလျှင် (၈) သိန်း ပေးချေခဲ့သော်လည်း သပြေသစ်ကျေးရွာတွင် တစ်ကေလျှင် (၇) သိန်းသာ ပေးချေရန် ကမ်းလှမ်းခဲ့သဖြင့် ကုမ္ပဏီ၏ ကမ်းလှမ်းချက်ကို ဒေသခံခြံရှင်များက ငြင်းဆန်ခဲ့ကြောင်း သိရသည်။

'နှစ်ကရင်မှာ ပေးတဲ့ဈေးအတိုင်းပဲ ကျွန်တော်တို့ကို ပေးဖို့ ကုမ္ပဏီကို တောင်းဆိုချင်တယ်။ သူတို့က သဘောတူမယ်ဆိုရင် ကျွန်တော်တို့က ဘာမှ မပြောတော့ဘူး။ နှစ်ကရင်မှာ (၈) သိန်းပေးပြီး ကျွန်တော်တို့ ရွာကျမှ ဘာလို့ (၇) သိန်းပဲ ပေးတယ်ဆိုတာကို နားမလည်ဘူး။ ဒါမျိုးကို ကျွန်တော်တို့ လက်မခံနိုင်ဘူး' ဟု သပြေသစ်ကျေးရွာမှ ရာဘာခြံရှင်တစ်ဦးက ပြောပါသည်။

၎င်းပြင် နှစ်ကရင်ကျေးရွာမှ ဒေါ်ကျင်လှက 'တစ်ချို့ခြံက ရာဘာပင်တွေက ငယ်ငယ်လေးပဲ ရှိသေးတယ်။ ဒီအပင်တွေကိုခုတ်ပြီး ခြံကိုရောင်းရမယ်ဆို ကျွန်မတို့ အတော်ခံစားရမယ်။ ကျွန်မတို့ခြံက ရောင်းဖို့ မဟုတ်ဘူးလေ။ မဖြစ်မနေ ကုမ္ပဏီကို ရောင်းရမယ်ဆိုရင် တစ်ကေ (၈) သိန်း လျော်ကြေးမရဘဲနဲ့ ကျွန်မတို့ မရောင်းနိုင်ဘူး' ဟု ပြောပါသည်။

'လွန်ခဲ့တဲ့ (၁၀) နှစ်က ဆရာတော်တစ်ပါးက လမ်းဖောက်မယ်ဆိုတော့ ခြံရှင်တွေက ပေ (၃၀) လောက်ရှိတဲ့ မြေနေရာကို ဒီအတိုင်းလှူခဲ့ကြတယ်။ နောက်တော့ ကုမ္ပဏီက လမ်းကိုထပ်ချဲ့တော့ ခြံရှင်တွေကို လျော်ကြေးပေးတယ်။ ဒါပေမယ့် ကျွန်တော်တို့ရွာက ခြံတွေက တစ်ကေကို (၈) သိန်း မရခဲ့ဘူး။ သူတို့က (၆) သိန်း ပေးတယ်။ ကျွန်တော်တို့က (၇) သိန်း တောင်းတော့ သူတို့က ပေးဖို့ သဘောတူတယ်။ သူတို့က ဘယ်ခြံရှင်ကိုမှ ဒီလောက်ဈေးအမြင့်ကြီး မပေးဘူး' ဟု နှစ်ကရင်ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောပါသည်။

နောက်ဆုံးတွင် နှစ်ကရင်ရှိ ခြံမြေများအတွက် တစ်ကေလျှင် (၈) သိန်းကျပ် ပေးချေရန် ကုမ္ပဏီက သဘောတူခဲ့သော်လည်း သပြေသစ်ကျေးရွာရှိ ခြံမြေများအတွက်မူ လမ်းဖောက်လုပ်ရန်အတွက် ရာဘာပင်များကို တူးထုတ်ရမည်ဖြစ်သဖြင့် တစ်ကေလျှင် ကျပ် (၇) သိန်းသာ ပေးချေနိုင်မည်ဟု ဆိုသည်။ သပြေသစ်ကျေးရွာရှိ ခြံပိုင်ရှင်အချို့ကမူ အဆိုပါဈေးနှုန်းကို လက်ခံနိုင်ခြင်းမရှိဘဲ နှစ်ကရင်ကျေးရွာတွင် ပေးချေခဲ့သော နှုန်းထားအတိုင်း ရရှိလိုကြသည်။

'တစ်ကေကို (၇) သိန်း လက်ခံတဲ့ သူတွေအားလုံးက အရင်အုပ်ချုပ်ရေးမှူးဟောင်းရဲ့ ဆွေမျိုးတွေပဲ။ ဒီကိစ္စတွေမှာ လာဘ်ပေးလာဘ်ယူတာတွေ ရှိနိုင်တယ်လို့ ကျွန်တော်တို့ ထင်တယ်။ လက်ရှိလျော်ကြေးငွေကို လက်မခံနိုင်တဲ့ ခြံရှင်တွေ သုံးလေးဦးတော့ ကျန်နေသေးတယ်' ဟု ခြံပိုင်ရှင် ကိုမင်းသိန်းထွန်းက ပြောပါသည်။

သပြေသစ်ကျေးရွာ၏ လက်ရှိအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးချစ်တင်က လမ်းဖောက်ရာတစ်လျှောက်တွင် ခြံပိုင်ရှင် (၃၈) ဦး၏ ခြံမြေများ ပါဝင်နေကြောင်း၊ ခြံရှင် (၃၄) ဦးက လျော်ကြေးငွေများကို လက်ခံထားပြီးဖြစ်ကြောင်း၊ သို့သော် ကျန်ရှိသူခြံရှင် (၄) ဦးက တစ်ကေ (၈) သိန်းကျပ် မရရှိပါက လျော်ကြေးငွေကို လက်ခံမည်မဟုတ်ဟု ပြောဆိုထားကြောင်း ပြောပါသည်။

တိုးချဲ့ဖောက်လုပ်မည့် လမ်းသစ်သည် နှစ်ကရင်နှင့် သပြေသစ်ကျေးရွာကို ဆက်သွယ်ထားပြီး အရှည် (၃) မိုင်၊ အကျယ် ပေ (၆၀) ရှိကြောင်း သိရသည်။

## မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ၁၉၈၈ ခုနှစ် လူထုလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွလှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သောငြိမ်းချမ်းရေး ပေါ်ပေါက်လာရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့်ထားရှိကာ ထူထောင်ခဲ့ခြင်းဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော လူ့အခွင့်အရေးအဖွဲ့တဖွဲ့ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ဝန်ထမ်းများ ဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသား လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျှက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ အရှိန်အဟုန်ဖြင့် ပေါ်ပေါက်လာစေရန် လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် အစီရင်ခံစာများ ထုတ်ဝေခြင်းဖြင့် တွန်းအား ပေးလျှက်ရှိသည်။ မွန်လူထုအသံဟူသော လူ့အခွင့်အရေးစာစောင်ကို ပုံမှန်ထုတ်ဝေလျှက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ များကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျှက် ရှိသည်။

### ပန်းတိုင်

နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

### ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့် ပတ်သက်သော သတင်းအချက်အလက်များ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့သိရှိနိုင်စေရန်။
(၂) လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ပြည်သူလူထုကို ပညာပေး လှုံ့ဆော်ရန်။
(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သည့် လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

## စာဖတ်သူမိတ်ဆွေများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း

ချစ်ခင်လေးစားအပ်ပါသော စာဖတ်သူမိတ်ဆွေများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ပြီး မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျှက်ရှိသည်။ သတင်းအချက်အလက်များနှင့် ပတ်သက်ပြီး တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ် စိစစ်အတည်ပြုမှုများ ဆောင်ရွက်နေရသဖြင့် အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက စာဖတ်သူ မိတ်ဆွေများအနေဖြင့် နားလည်ပေးစေလိုကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ပန်ကြားအပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာများ ပေးပို့လိုလျှင်ဖြစ်စေ၊ စာစောင်များအား လက်ခံရယူ လိုလျှင်ဖြစ်စေ အောက်ပါလိပ်စာအတိုင်း လိပ်မူပြီး ပေးပို့တောင်းခံနိုင်ပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org
The official website of Human Rights Foundation of Monland
www.rehmonnya.org

Human Rights Foundation of Monland - Burma
P.O Box 35,
Sangkhlaburi Post Office, Kanchanaburi 71240,
Thailand.

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# တိုင်းရင်းသားရေးရာရန်ပုံငွေ ခွဲဝေရာတွင် အငြင်းပွားစွယ်ရှိခဲ့ပြီး မွန်လူမျိုးရေးရာရန်ပုံငွေ ဖြတ်တောက်ခံရ



နိုဝင်ဘာ ၁၊ ၂၀၁၈

၂၀၁၈–၁၉ ဘဏ္ဍာရေးနှစ် သုံးသပ်ချက်အရ မွန်ပြည်နယ် အစိုးရအနေဖြင့် မွန်လူမျိုးရေးရာကိစ္စရပ်များအား ထောက်ပံ့နေသော ရန်ပုံငွေကို သိသိသာသာ လျှော့ချဖြတ်တောက်ခဲ့ပြီး ရန်ပုံငွေ အားလုံး၏ သုံးပုံတစ်ပုံကို ကရင်လူမျိုးရေးရာကိစ္စရပ်များတွင် အသုံးပြုရန် ဆုံးဖြတ်ခဲ့သည်။

မွန်လူမျိုးရေးရာရန်ပုံငွေ ဖြတ်တောက်ခံရမှုကြောင့် မွန်ပညာရေးကဏ္ဍထောက်ပံ့ရာတွင် အဓိကအားနည်းသွားမည် ဖြစ်ကြောင်း သိရသည်။

မွန်လူမျိုးရေးရာအတွက် ကျပ်သိန်း (၁,၀၀၀) သုံးစွဲရန် မွန်ပြည်နယ်အစိုးရက ဆုံးဖြတ်ခဲ့သဖြင့် ယမန်နှစ်ရန်ပုံငွေနှင့် နှိုင်းယှဉ်ပါက ကျပ်သိန်း (၅၀၀) ဖြတ်တောက်ခဲ့သည်။

'မနှစ်က မွန်အမျိုးသားနေ့နဲ့ နွေရာသီမွန်စာပေသင်တန်း (၂) ခုနဲ့တင် ကျွန်တော်တို့ သိန်း (၁,၀၀၀) ထောက်ပံ့ခဲ့တယ်။ (ဒီအတိုင်းဆိုရင်) တစ်ခြားကဏ္ဍတွေ ထောက်ပံ့ဖို့ ရန်ပုံငွေမရှိတော့ဘူး။ ဒါပေမယ့် ထောက်ပံ့ပေးရမယ့် ကဏ္ဍတွေက ကျန်နေသေးတယ်' ဟု မွန်ပြည်နယ် သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီးဒေါက်တာမင်းကြည်ဝင်းက ပြောပါသည်။

မနှစ်က တိုင်းရင်းသားရေးရာရန်ပုံငွေအတွက် ကျပ်သိန်း (၄,၅၀၀) သုံးစွဲခဲ့ပြီး မွန်လူမျိုးရေးရာရန်ပုံငွေအတွက် ကျပ်သိန်းပေါင်း (၁,၅၀၀) အသုံးပြုခဲ့သည်။ ကရင်၊ ပအိုဝ်နှင့် ဗမာလူမျိုးရေးရာ ရန်ပုံငွေများအတွက် ကျပ်သိန်း (၁,၀၀၀) စီ ခွဲဝေပေးခဲ့သည်။

ဝန်ကြီးချုပ်ဒေါက်တာအေးဇံနှင့် ၎င်းအစိုးရအဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်ကို မွန်ပြည်နယ်လွှတ်တော်အမတ်များက ဝေဖန်ခဲ့သည်။

'မွန်ပြည်နယ်မှာ ကရင်က မွန်ထက် ရန်ပုံငွေပိုရနေတယ်။ ဒါက မဖြစ်သင့်ဘူး။ လွှတ်တော်အမတ်တွေနဲ့ ဝန်ကြီးချုပ်က ဒီကိစ္စကို တာဝန်ခံတာဝန်ယူရမယ်' ဟု မော်လမြိုင်က နိုင်ကာရန်က ပြောပါသည်။

'မွန်ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ကလည်း မွန်တူရိယာအခြေခံအတီးသင်တန်း ကျောင်းဆင်းပွဲ အတွက် ကျပ် (၁၀၇) သိန်း တောင်းခံထားတာရှိတယ်။ မွန်အမျိုးသား ကျောင်းတွေ၊ မွန်စာဆိုတော်အဖွဲ့တွေနဲ့ အခြားကဏ္ဍတွေကိုလည်း ကျွန်တော်တို့က ထောက်ပံ့ပေးရဦးမယ်' ဟု ဝန်ကြီးဒေါက်တာ မင်းကြည်ဝင်းက ပြောပါသည်။

မွန်လူမျိုးရေးရာရန်ပုံငွေ ဖြတ်တောက်ခံရမည်ဆိုပါက အဓိကထိခိုက်မည့်ကဏ္ဍသည် ပညာရေးကဏ္ဍဖြစ်ကြောင်းလည်း သိရသည်။